# ဗမ္မခန္ဓာ (၉၈) ရှင်းလင်းသော သက်သေ (အလ်–ဘိုင်းယီနားတိ)

ဥဒဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၀)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဖွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **لَمْ يَكُنِ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ مُنفَكِّينَ حَتَّى تَأْتِيَهُمُ الْبَيِّنَةُ۞**<br>ကျမ်းစာ ဝိုင်းသားများမှာ ဖုံးကွယ်သော သူများနှင့် ရောပြွန်းကိုးကွယ်သူများသည် သူတို့ထံသို့ ရှင်းလင်းသော သက်သေ ပေးရောက်လာသည်ထိ လွတ်မြောက်ကြသည် မဟုတ်ချေ။ |
| ၂။ | **رَسُولٌ مِّنَ اللَّهِ يَتْلُو صُحُفًا مُّطَهَّرَةً۞**<br>ပရမတ်ဘုရားရှင်ထံမှ ဥဒဏ်စဉ်တော်ဆောင်သည် သန့်စင်သော ကျမ်းကဏ္ဍများကို ရွတ်ဖတ်ပြပြီ။ |
| ၃။ | **فِيهَا كُتُبٌ قَيِّمَةٌ۞**<br>ထိုင်၌ မြဲမြံခိုင်မာသော ကျမ်းစာများ ရှိ၏။ [၁၁၈၇] |
| ၄။ | **وَمَا تَفَرَّقَ الَّذِينَ أُوتُوا الْكِتَابَ إِلَّا مِن بَعْدِ مَا جَاءتْهُمُ الْبَيِّنَةُ۞**<br>ကျမ်းစာ ရရှိသော သူများအတွင်း သူတို့ထံသို့ ရှင်းလင်းသော သက်သေ ရောက်ရှိ မလာမှီထိ ကွဲပြားခဲ့ကြသည် မဟုတ်ချေ။ |
| ၅။ | **وَمَا أُمِرُوا إِلَّا لِيَعْبُدُوا اللَّهَ مُخْلِصِينَ لَهُ الدِّينَ حُنَفَاء وَيُقِيمُوا الصَّلَاةَ وَيُؤْتُوا الزَّكَاةَ وَذَلِكَ دِينُ الْقَيِّمَةِ۞**<br>သူတို့အား– ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ရန်၊ သာသနာရေး၌ သရဏဂုံတည်ရာတွင် အရှင့်အား သီးသန့်ဖြစ်စေရန်၊ မေတ္တာဓိဌာန် မြဲမြံကြရန်၊ လှူမှုဖူလုံကြေး ပေးကြရန်၊ ဤသည်သာ မြဲမြံတည်တံ့သော သာသနာရေး ဖြစ်ကြောင်းသာ စီမံမိန့်ညွှန်၏။ |
| ၆။<br>★ ၂း၂၄<br>☆ ၂း၃၉ | **إِنَّ الَّذِينَ كَفَرُوا مِنْ أَهْلِ الْكِتَابِ وَالْمُشْرِكِينَ فِي نَارِ جَهَنَّمَ خَالِدِينَ فِيهَا أُوْلَئِكَ هُمْ شَرُّ الْبَرِيَّةِ۞**<br>ကေန်ပင် ကျမ်းစာ ဝိုင်းသားများမှာ ဖုံးကွယ်သော သူများနှင့် ရောပြွန်းကိုးကွယ်သူများသည် အပူမီး★ ငရဲဘုံထဲ၌ ကာလမဲ့☆ အတွင်း၌ စံစားရလတ္တံ့။ သူတို့သည် အဆိုးဆုံး သက်ရှိများပင်တည်း။ |
| ၇။ | **إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ أُوْلَئِكَ هُمْ خَيْرُ الْبَرِيَّةِ۞**<br>ကေန်ပင် ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူ၊ ထိုသူတို့သည် အကောင်းဆုံးသော သက်ရှိများပင် ဖြစ်၏။ |
| ၈။ | **جَزَاؤُهُمْ عِندَ رَبِّهِمْ جَنَّاتُ عَدْنٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا أَبَدًا رَّضِيَ اللَّهُ عَنْهُمْ وَرَضُوا عَنْهُ** |

**(၁၁၈၇)** ကုရ်အံကျမ်းစာအတွင်း၌ ပါသော ဗမ္မခန္ဓာခေါ် စူရာဟ် တစ်ခုချင်းစီသည် ကျမ်းတစ်စောင်စီ ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်တွင် ထို (ကုရ်အံ) ထဲ၌ ကျမ်းစားများ ရှိသည်ဟု ပြောဆိုထားခြင်း ဖြစ်ပေသည်။ ကုရ်အံ ကျမ်းတော်နှင့် ကျမ်းတော်အား ဆောင်ကြဉ်းလာသော ကိုယ်တော်မုဟမ္မဒ်သည် ရှင်းလင်းထင်ရှားသော သက်သေ ဖြစ်သည်ဟု ဤ သုတ်တော်များက ဆိုပေသည်။ ကျမ်းတော် မရောက်မှီ အထိ ရှေးကျမ်းရများနှင့် ကျမ်းစာ မရှိသေးသော တိုင်းရင်းသားများသည် ဘဝ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းညွှန်ဟူ၍ တိတိကျကျ သေသေချာချာ မရှိခဲ့ကြောင်းကို သုတ်တော် (၁) တွင် ပြောဆိုထားပေသည်။

| | |
|---|---|
| | **ذَٰلِكَ لِمَنْ خَشِيَ رَبَّهُۥ۞**<br>သူတို့အတွက် ဆုလဒ်မှာကား ကံကြမ္မာရှင်၏ ထံပါး၌ ရှိ၍၊ အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော တည်မြဲသည့် ဥယျာဉ်ဘုံပင် ဖြစ်၏။ ထို၌ ထာဝရ ကာလမဲ့ စံစားရလတ္တံ့။ ပရမတ်ဘုရားရှင်သည် သူတို့အား ကြေနပ်နှစ်သက်တော်မူ၏။ သူတို့ကလည်း ၎င်းနှင့် စပ်လျဉ်း၍[၁၁၈၈] ကြေနပ်နှစ်သက်မှု ရှိ၏။ ယင်းသည် ကံကြမ္မာရှင်အား ကြောက်ရွံ့ရိုကျိုးတတ်သူ အဘို့ ဖြစ်၏။ |

**(၁၁၈၈)** ၎င်းနှင့် စပ်လျဉ်း၍ ဆိုသည်မှာ ပရမတ်ဘုရားရှင်က သူ့အား ကြေနပ်နှစ်သက်ခြင်းနှင့် စပ်လျဉ်း၍– ဟု ဆိုလိုပေသည်။ ကာလမဲ့ ဟူသော စကားလုံးကို ၂း၃၉ တွင် ကြည့်ပါ။